# ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း မာတင်လူသာကင်းဆုချီးမြှင့်ခံရ

ခေတ်ပြိုင်ဂျာနယ်
၉ ဇန်နဝါရီလ ၂၀၀၇

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းအား ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးများအရေးကို မာတင်လူသာကင်းဆုကို ချီးမြှင့်လိုက်သည်။

၂၀၀၇ ခုအတွက် ချီးမြှင့်သည့် ဤဆုအတွက် ဆွီဒင်နိုင်ငံမှ ဆုရွေးချယ်ရေးအဖွဲ့၏စာတွင် ငြိမ်းချမ်းရေး ဝေတ်မွတ်နေသည့် ကမ္ဘာကြီးအတွက် သတ္တိရှိရှိနှင့် သိက္ခာရှိရှိ တိုက်ပွဲဝင်နေသူများ၊ အထူးသဖြင့် ဒေါက်တာလျန်မှုန်းဆာခေါင်းကဲ့သို့ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် နိုင်ငံတကာတွင် စွမ်းစွမ်းတမံဆောင်ရွက်နေသူများကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြသည်။

ဒေါက်တာလျန်မှုန်းဆာခေါင်းက "ကျနော်တို့ရဲ့ ဒီမိုကရေစီအရေးတော်ပုံကို သူတို့ အသိအမှတ်ပြုတယ်ဆိုတော့ ကျနော်ဝမ်းသာတယ်၊ ဂုဏ်ယူတယ်။ တတိုင်းပြည်လုံးအနေနဲ့ ပါဝင်လှုပ်ရှားတဲ့လူတွေအတွက် ပိုပြီးတော့ ဂုဏ်ယူတယ်" ဟုပြောကြားသည်။

ယခုလ (၁၅) ရက်တွင် ဆွီဒင်ပါလီမန်၌ ဆုပေးပွဲအခမ်းအနားကျင်းပမည်ဖြစ်ရာ ဆုအဖြစ် ဂုဏ်ပြုလက်မှတ်နှင့် အမေရိကန်ဒေါ်လာ (၂၅၀၀၀) ချီးမြှင့်မည်ဖြစ်ပြီး ဒေါက်တာလျန်အား မာတင်လူသာကင်း၏ အတွေးအခေါ်နှင့်နီးစပ်သည့် မြန်မာနိုင်ငံအတွင်းလှုပ်ရှားမှုများကို ဟောပြောခွင့်ပေးမည်ဖြစ်သည်။

ဒေါက်တာလျန်က မြန်မာနိုင်ငံအတွင်း အကြမ်းမဖက်နည်းဖြင့် ဒီမိုကရေစီအတွက် ကြိုးပမ်းနေမှုများ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းလိုသည့်ကိစ္စများ၊ လူ့အခွင့်အရေး၊ တန်းတူရေးနှင့် ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်နေမှုများတို့ကို ဆုပေးပွဲအခမ်းအနားတွင် ဆွေးနွေးမည်ဟုပြောသည်။

၎င်းက "စစ်အာဏာရှင်စနစ်ကြောင့် ဟိုတုန်းကဆို မဆလတပါတီစနစ်ကြောင့် အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ အခွင့်အရေးမရှိတဲ့ လူသားတယောက်အနေနဲ့ လူသားရဲ့ တန်ဖိုးပီပီပြင်ပြင်နဲ့ ကျနော်တို့ အသက်ရှင် မရပ်တည်နိုင်ဘူး။ ဒါတွေကို ကျနော်ထည့်သွင်းပြောပြသွားမှာဖြစ်တယ်" ဟုပြောသည်။

ဒေါက်တာလျန်သည် ၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်လှုပ်ရှားခဲ့ပြီး ယခုလက်ရှိတွင် အဝေးရောက်ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နှင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) တို့၏ အထွေထွေအတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

အသားအရောင်ခွဲခြားရေးကို တိုက်ပွဲဝင်ဆန့်ကျင်ခဲ့သည့် လူမည်းခေါင်းဆောင် ဒေါက်တာမာတင်လူသာကင်းအား ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ အသားအရောင်ခွဲခြားမှု ပပျောက်ရေး၊ တန်းတူညီမျှရေးတို့အတွက် ဆောင်ရွက်နေသည့် ဆွီဒင်အခြေစိုက် Baptist Union of Sweden, Christian Initiative for Peace, Christian Association for Combat to Racism နှင့် Afro-Swedish Association အဖွဲ့တို့က ၂၀၀၃ ခုတွင် ဒေါက်တာလျန်မှုန်းဆာခေါင်းသည် တတိယမြောက် ဆုချီးမြှင့်ခံရသူဖြစ်သည်။